**KHRG** ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့ / KHRG မှတ်တမ်းလွှာအမှတ် #19-58-I1

---

# ဖာပွန် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ : နယ်ခြားစောင့်တပ် တပ်ကြပ်တစ်ဦးမှ ဒွယ်လိုးမြို့နယ်တွင် ကလေးတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့ (၂၀၁၉ခုနှစ်၊ မေလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ဝ---ရပ်ကွက်အနီးတွင် ၂၀၁၉ခုနှစ်၊ မေလ၊ ၇ရက်နေ့၌ အသက်၁၆နှစ်အရွယ်ရှိ ကိုရင်လေးတစ်ပါးအား နယ်ခြားစောင့်တပ် (BGF) တပ်ကြပ်တစ်ဦးမှ ရိုက်နှက်ခဲ့သည့်အတွက် ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့ပါသည်။ သို့ဖြစ်သောကြောင့် အရိုက်ခံရသည့်ကိုရင်လေးအား ကမမောင်းရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး သုံးရက်တာဆေးကုသမှုခံယူခဲ့ရပါသည်။ ထို့ပြင် နယ်ခြားစောင့်တပ်မှ တပ်ကြပ်သည် ကိုရင်လေး လိုက်ပါစီးလာသောကားကို သိမ်းယူခဲ့ပါသည်။ ထိုရိုက်နှက်ခံရသောကိုရင်လေးသည် မည်သည့်လျော်ကြေးငွေမျှ မရရှိပါ။ ဒေသခံများကလည်း ထိုအဖြစ်အပျက်ကို တင်ပြရန်အတွက်အလွန်ကြောက်ရွံ့ခဲ့ကြပါသည်။*[1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ပိုင်ဆိုင်မှုအားသိမ်းယူခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၉ခုနှစ်၊ မေလ၊ ၇ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ ဝ--- ကျေးရွာ |

---

[1] ဤအစီရင်ခံစာသည် ၂၀၁၉ခုနှစ်၊ ဇူလိုင်တွင် ရရှိသောအကြောင်းအရာ၌ အခြေပြုထားပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးသော ကွင်းထဲမှ လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖာပွန်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဖေါ်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံနှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ ဆင်ဆာဖျက်ထားပါသည်။ ကွင်းစ၊ကွင်းပိတ်အတွင်း ရေးသားထားသောအချက်အလက်များသည် KHRG ဝန်ထမ်းမှ ရှင်းပြမှုများထည့်သွင်းထားခြင်းဖြစ်သည်။

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| **အမည်** | အမည်မသိ |
| **အသက်** | ၁၆နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | မရှိ |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **အဖွဲ့အစည်း** | ဆ---ဘုန်းကြီးကျောင်း |
| **ရာထူးအဆင့်** | ရှင်သာမဏေ (ကိုရင်လေး) |
| **နေရပ် ရွာအမည်** | စ--- ကျေးရွာ |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| စောမိုးဟိန်း | တပ်ကြပ် | BGF တပ်ရင်းအမှတ် (၁၀၁၄) | ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ တံတားဦးကျေးရွာ | BGF တပ်ရင်းမှူး ဗိုလ်စောမောင်ချစ် |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ကမမောင်းမြို့ရှိ ဒေသခံတစ်ဦးမှ ဤသတင်းအချက်အလက်များအား ပေးခဲ့ပါသည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| ဤအချက်အလက်များအားပေးခဲ့သူသည် ဖြစ်စဉ်ကိုမြင်တွေ့ခဲ့သည့်ဆွေမျိုးတစ်ဦးထံမှ ရရှိခဲ့ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ဤလူ့အခွင့်အရေးချိုးဖောက်မှုသည် ၂၀၁၉ခုနှစ်၊ မေလ၊ ၇ရက်နေ့တွင် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ ဝ---ကျေးရွာ အနီးတွင်ဖြစ်ပျက်ခဲ့ပါသည်။ အသက်၁၆နှစ်အရွယ်ရှိ ကိုရင်လေး တစ်ပါးသည် အခြားသောကိုရင်လေးနှစ်ပါး၊ ကပ္ပိယတစ်ဦးနှင့် ဘုန်းတော်ကြီးကျောင်းကားမောင်း သူတစ်ဦးနှင့်အတူ ကမမောင်းမြို့သို့ ကားဖြင့်ခရီးသွားခဲ့ပါသည်။ ညနေ ၃း၀၀ နာရီအချိန်၌ BGF အမှတ် (၁၀၁၄) တပ်ကြပ်စောမိုးဟိန်းမှ ဝ---ကျေးရွာနှင့် စ---ကျေးရွာတို့ဆက်သွယ်ထားသည့် ကားလမ်းမတွင်ရှိသော ၎င်းတို့၏စစ်ဆေးရေးဂိတ်တွင် အဆိုပါကိုရင်လေးတို့ စီးနင်လာသောကားအား ရပ်တားခဲ့ပါသည်။<br><br>တပ်ကြပ်စောမိုးဟိန်းမှ အသက်၁၆နှစ်အရွယ်ရှိ ကိုရင်လေး၏ဦးခေါင်းအား ၎င်း၏သေနတ်နှင့် ရိုက်ခဲ့သဖြင့် အဆိုပါကိုရင်လေးမှာ ဦးခေါင်းကွဲသွားခဲ့ပါသည်။ တပ်ကြပ်မှ ကိုရင်လေးသည် ၎င်း၏သေနတ်အား လုယူသောကြောင့် သူ့အားရိုက်နှက်ခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့ပါသည်။ စောမိုးဟိန်းသည် ကိုရင်လေးတို့စီးနင်လာသောကားအားသိမ်းယူခဲ့ပြီး ၎င်းတို့၏ BGF စစ်ကားအဖြစ် အသုံးပြုခဲ့ပါသည်။<br><br>ကမမောင်းပြည်သူ့ဆေးရုံသို့ ထိုဒဏ်ရာရရှိသောကိုရင်လေးအား ဒေသခံရွာသားများမှ ပို့ဆောင်ခဲ့ကြပြီး ဆေးရုံ၌ သုံးရက်တာဆေးကုသမှုခံယူခဲ့ရပါသည်။ ဆေးကုသမှုကုန်ကျစရိတ်များအား BGF နှင့်အခြား မည်သည့်အဖွဲ့အစည်းကမျှ ကူညီထောက်ပံ့ပေးခြင်းမရှိခဲ့ပါ။ ဆေးရုံအနီးတွင်နေထိုင်ကြသောရွာသားများမှ အစားအစာများအား ကိုရင်လေးဆေးရုံ၌ဆေးကုသမှုခံယူစဉ်တွင် ကူညီထောက်ပံ့ပေးခဲ့ကြပါသည်။ ဒေသခံရွာသားများသည် ဤအဖြစ်အပျက်အားဖွင့်ပြောတင်ပြရန်အတွက် အလွန်ပင်ကြောက်ရွံ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါပြစ်မှုကျူးလွန်သူသည် BGF တပ်ကြပ်တစ်ဦးဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ |

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။ |
|---|
| ကရင်လူ့အခွင့်အရေးဖွဲ့မှ လုံခြုံရေးအခြေအနေများကြောင့် ကျူးလွန်ခြင်းခံရသူအား မချဉ်းကပ်နိုင်ခဲ့ပါ။ လုံခြုံရေးအခြေအနေအရ သတင်းပေးသူ၏နာမည်၊ အသက်၊ ကျားမနှင့် နေထိုင်ရာနေရာများကို ဆင်ဆာပြုလုပ်ထားပါသည်။ |